**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**

**ပြည်တွင်းအခွန်များဦးစီးဌာန**

**အများပြည်သူသိရှိလိုက်နာရန်သတ်မှတ်ချက် (Public Ruling)**

အမှတ်၊ ၁ / ၂၀၂၂

နေပြည်တော်၊ ၁၃၈၄ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၃ ရက်

(၂၀၂၂ ခုနှစ်၊ အောက်တိုဘာ လ ၇ ရက်)

**အခွန်ပြန်အမ်းခြင်းနှင့်စပ်လျဉ်း၍ လိုက်နာကျင့်သုံးရန်သတ်မှတ်ခြင်း**

**နိဒါန်း**

၁။ အခွန်ထမ်းပြည်သူများအနေဖြင့် ပေးဆောင်ထားသည့် အခွန်ပမာဏသည် စည်းကြပ်သည့် အခွန်ပမာဏ သို့မဟုတ် ပေးဆောင်ရန်တာဝန်ရှိသည့် အခွန်ပမာဏထက် ကျော်လွန်သည့်အခါ အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေနှင့်အညီ ပြန်အမ်းငွေထုတ်ပေးခြင်းနှင့်စပ်လျဉ်း၍ အခွန်ထမ်းများနှင့် အခွန်ဝန်ထမ်းများ လိုက်နာဆောင်ရွက်ရာတွင် ရှင်းလင်းမှုရှိစေရန်နှင့် တစ်ပြေးညီဖြစ်စေရန် ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်သည် အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေ ပုဒ်မ ၁၁၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤအများပြည်သူသိရှိလိုက်နာရန် သတ်မှတ်ချက်ကို ထုတ်ပြန်ခြင်းဖြစ်သည်။

၂။ ဤအများပြည်သူသိရှိလိုက်နာရန်သတ်မှတ်ချက်သည် အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေ ပုဒ်မ ၁၁ ပုဒ်မခွဲ (ခ) အရ ပြည်တွင်းအခွန်များဦးစီးဌာနအပေါ် စည်းနှောင်သက်ရောက်မှုရှိသည်။

**သက်ဆိုင်သည့်အကြောင်းအရာ**

၃။ ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ အထူးကုန်စည်ခွန်ပြန်အမ်းငွေတို့နှင့်စပ်လျဉ်း၍ အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေအရ ပြန်အမ်းရာ၌ ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် မည်ကဲ့သို့ ကျင့်သုံးကြောင်း ရှင်းလင်းအသိပေးခြင်းဖြစ်ပါသည်။

**သက်ဆိုင်သည့်ဥပဒေပြဋ္ဌာန်းချက်**

၄။ ဤအများပြည်သူသိရှိလိုက်နာရန်သတ်မှတ်ချက်သည် အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေ ပုဒ်မ ၄၃ နှင့်သက်ဆိုင်စေရမည်။

**ပြန်အမ်းငွေတောင်းခံပိုင်ခွင့်ရှိသည့် အခြေအနေ**

၅။ အခွန်ထမ်းတစ်ဦးအနေဖြင့် အောက်ပါအခြေအနေတစ်ရပ်ရပ်တွင် ပြန်အမ်းငွေ တောင်းခံခွင့် ရှိမည်ဖြစ်ပါသည် -

(က) ဝင်ငွေခွန်ဖြစ်ပါက သုံးလတစ်ကြိမ်ဖြစ်စေ၊ အခြေပစ္စည်းမှဖြတ်စွန်းငွေအတွက် သတ်မှတ်ကာလအတွင်း ခန့်မှန်းတွက်ချက်မှုအရဖြစ်စေ၊ ပို့ကုန်တင်ပို့မှု သို့မဟုတ် သွင်းကုန်တင်သွင်းမှုအပေါ်တွင်ဖြစ်စေ၊ ပင်ရင်းမှနုတ်ယူပေးသွင်းငွေအဖြစ်ဖြစ်စေ ပေးဆောင်ခဲ့သည့် ဝင်ငွေခွန်သည် စည်းကြပ်မှုအရ ကျသင့်သည့်ဝင်ငွေခွန်ထက်ပိုမိုခြင်း၊

(ခ) ကုန်သွယ်လုပ်ငန်းခွန်ဖြစ်ပါက -

(၁) ပြည်ပပို့ကုန်လုပ်ငန်းများအတွက် လစဉ်ပေးဆောင်ခဲ့သည့် ကုန်သွယ်လုပ်ငန်းခွန်အပါအဝင် ကုန်စည်တင်ပို့ရန်အလို့ငှာ ကုန်စည်ကိုပြည်ပမှကိုယ်တိုင် တင်သွင်းစဉ်၊ ပြည်တွင်း၌ အခြားပုဂ္ဂိုလ်များထံမှဝယ်ယူစဉ် ပေးဆောင်ခဲ့သည့် ကုန်သွယ်လုပ်ငန်းခွန်သည် ပြည်ပသို့ကုန်စည်တင်ပို့ရောင်းချခြင်းအတွက် ကျသင့်သည့် ကုန်သွယ်လုပ်ငန်းခွန်ထက်ပိုမိုခြင်း၊

(၂) အခြားလုပ်ငန်းများဖြစ်ပါက ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ ပုဒ်မ ၁၂ အရ လစဉ်ပေးဆောင်ခဲ့သည့် ကုန်သွယ်လုပ်ငန်းခွန်သည် စည်းကြပ်မှုအရ ကျသင့်အခွန်ထက်ပိုမိုခြင်း၊

(၃) အပြန်အလှန်အခွင့်အရေးမူအရ ကျင့်သုံးသော မြန်မာနိုင်ငံအခြေစိုက်နိုင်ငံခြားသံရုံးများ၊ သံတမန်များနှင့် သံရုံးဝန်ထမ်းများက ပေးဆောင်ခဲ့ရသည့် ကုန်သွယ်လုပ်ငန်းခွန်များကို နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် တောင်းခံခြင်း၊

(ဂ) အထူးကုန်စည်ခွန်ဖြစ်ပါက ပုဒ်မ ၈ အရ လစဉ်ဖြစ်စေ၊ အခြားသတ်မှတ်ကာလအတွင်းဖြစ်စေ ပေးဆောင်ခဲ့သည့် အထူးကုန်စည်ခွန်သည် စည်းကြပ်မှုအရ ကျသင့်အခွန်ထက်ပိုမိုခြင်း၊

(ဃ) အထက်ပါကိစ္စရပ်များအပြင် မှားယွင်းတွက်ချက်ပေးဆောင်ခဲ့ခြင်းအပါအဝင် မူလစည်းကြပ်မှုသည် မှန်ကန်မှုမရှိကြောင်း စိစစ်တွေ့ရှိရခြင်းကြောင့်ဖြစ်စေ၊ ပြင်ဆင်စည်းကြပ်မှုအရဖြစ်စေ အခွန်ပိုမို ပေးဆောင်ခဲ့ကြောင်းပေါ်ပေါက်ခြင်း။

**ပြန်အမ်းငွေ ထုတ်ပေးနိုင်ရန် ခုနှိမ်ရမည့်အစီအစဉ်**

၆။ ဝင်ငွေနှစ် သို့မဟုတ် ဘဏ္ဍာရေးနှစ်တစ်နှစ်အတွင်း ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ အထူးကုန်စည်ခွန် ပြန်အမ်းငွေပေါ်ပေါက်ပါက အဆိုပါပြန်အမ်းငွေကို အောက်ဖော်ပြပါအစီအစဉ်အတိုင်း ခုနှိမ်ရမည်ဖြစ်ပါသည် -

(က) ဝင်ငွေခွန်ပြန်အမ်းငွေဖြစ်ပါက -

(၁) အဆိုပါဝင်ငွေနှစ်တွင် ပေါ်ပေါက်သည့် ဝင်ငွေခွန်စည်းကြပ်တောင်းခံငွေအရပ်ရပ်၊ ဝင်ငွေခွန်နှင့်သက်ဆိုင်သည့် အတိုး၊ ဒဏ်ကြေးတို့ကို ဦးစွာခုနှိမ်ရမည်ဖြစ်ပြီး

ဝင်ငွေခွန် ပြန်အမ်းငွေ ဆက်လက်ကျန်ရှိနေသေးပါက ကုန်သွယ်လုပ်ငန်းခွန်ကို ဒုတိယအဆင့်အနေဖြင့် လည်းကောင်း၊ အထူးကုန်စည်ခွန်ကို တတိယအဆင့် အနေဖြင့် လည်းကောင်း အခွန်စည်းကြပ်တောင်းခံငွေ၊ အတိုး၊ ဒဏ်ကြေး စသည့် အစီအစဉ်ဖြင့် ဆက်လက်ခုနှိမ်ရမည်။

(၂) အပိုဒ်ခွဲ (က)၊ အပိုဒ်ခွဲငယ် (၁) အရ ခုနှိမ်ပြီးနောက် ပြန်အမ်းငွေ ဆက်လက် ကျန်ရှိနေသေးပါက ပြန်အမ်းငွေပေါ်ပေါက်ကြောင်း စိစစ်အတည်ပြုသည့်နေ့နှင့် သက်ဆိုင်သည့်လကုန်ဆုံးပြီး လာမည့် ၁၂ လ အတွက် အခွန်ထမ်းပေးဆောင် ရမည့် ဝင်ငွေခွန်ကို ပထမအဆင့်အနေဖြင့် လည်းကောင်း၊ ကုန်သွယ်လုပ်ငန်း ခွန်ကို ဒုတိယအဆင့်အနေဖြင့် လည်းကောင်း၊ အထူးကုန်စည်ခွန်ကို တတိယ အဆင့်အနေဖြင့် လည်းကောင်း (ကြိုတင်ခွန်)အဖြစ် ဆက်လက်ခုနှိမ်ရမည်။

(ခ) ကုန်သွယ်လုပ်ငန်းခွန် ပြန်အမ်းငွေဖြစ်ပါက -

(၁) အဆိုပါ ဘဏ္ဍာရေးနှစ်တွင် ပေါ်ပေါက်သည့် ကုန်သွယ်လုပ်ငန်းခွန် စည်းကြပ် တောင်းခံငွေအရပ်ရပ်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် သက်ဆိုင်သည့် အတိုး၊ ဒဏ် ကြေးတို့ကို ဦးစွာခုနှိမ်ရမည်ဖြစ်ပြီး ကုန်သွယ်လုပ်ငန်းခွန် ပြန်အမ်းငွေ ဆက် လက်ကျန်ရှိနေသေးပါက ဝင်ငွေခွန်ကို ဒုတိယအဆင့်အနေဖြင့် လည်းကောင်း၊ အထူးကုန်စည်ခွန်ကို တတိယအဆင့်အနေဖြင့် လည်းကောင်း အခွန်စည်းကြပ် တောင်းခံငွေ၊ အတိုး၊ ဒဏ်ကြေး စသည့် အစီအစဉ်ဖြင့် ဆက်လက်ခုနှိမ်ရမည်။

(၂) အပိုဒ်ခွဲ (ခ)၊ အပိုဒ်ခွဲငယ်(၁)အရ ခုနှိမ်ပြီးနောက် ပြန်အမ်းငွေ ဆက်လက်ကျန်ရှိ နေသေးပါက ပြန်အမ်းငွေပေါ်ပေါက်ကြောင်း စိစစ်အတည်ပြုသည့်နေ့နှင့် သက်ဆိုင်သည့်လကုန်ဆုံးပြီး လာမည့် ၁၂ လအတွက် အခွန်ထမ်းပေးဆောင် ရမည့် ကုန်သွယ်လုပ်ငန်းခွန်ကို ပထမအဆင့်အနေဖြင့် လည်းကောင်း၊ ဝင်ငွေ ခွန်ကို ဒုတိယအဆင့်အနေဖြင့် လည်းကောင်း၊ အထူးကုန်စည်ခွန်ကို တတိယ အဆင့်အနေဖြင့် လည်းကောင်း (ကြိုတင်ခွန်)အဖြစ် ဆက်လက်ခုနှိမ်ရမည်။

(ဂ) အထူးကုန်စည်ခွန် ပြန်အမ်းငွေဖြစ်ပါက -

(၁) အဆိုပါ ဘဏ္ဍာရေးနှစ်တွင် ပေါ်ပေါက်သည့် အထူးကုန်စည်ခွန် စည်းကြပ် တောင်းခံငွေအရပ်ရပ်၊ အထူးကုန်စည်ခွန်နှင့် သက်ဆိုင်သည့် အတိုး၊ ဒဏ်ကြေး တို့ကို ဦးစွာခုနှိမ်ရမည်ဖြစ်ပြီး အထူးကုန်စည်ခွန် ပြန်အမ်းငွေ ဆက်လက် ကျန်ရှိနေသေးပါက ဝင်ငွေခွန်ကို ဒုတိယအဆင့်အနေဖြင့် လည်းကောင်း၊ ကုန်

သွယ်လုပ်ငန်းခွန်ကို တတိယအဆင့်အနေဖြင့် လည်းကောင်း အခွန်စည်းကြပ် တောင်းခံငွေ၊ အတိုး၊ ဒဏ်ကြေး စသည့် အစီအစဉ်ဖြင့် ဆက်လက်ခုနှိမ်ရမည်။

(၂) အပိုဒ်ခွဲ (ဂ)၊ အပိုဒ်ခွဲငယ်(၁)အရ ခုနှိမ်ပြီးနောက် ပြန်အမ်းငွေ ဆက်လက် ကျန်ရှိနေသေးပါက ပြန်အမ်းငွေပေါ်ပေါက်ကြောင်း စိစစ်အတည်ပြုသည့် နေ့နှင့်သက်ဆိုင်သည့်လကုန်ဆုံးပြီး လာမည့် ၁၂ လအတွက် အခွန်ထမ်းပေး ဆောင်ရမည့် အထူးကုန်စည်ခွန်ကို ပထမအဆင့်အနေဖြင့် လည်းကောင်း၊ ဝင်ငွေ ခွန်ကို ဒုတိယအဆင့်အနေဖြင့် လည်းကောင်း၊ ကုန်သွယ်လုပ်ငန်းခွန်ကို တတိယ အဆင့်အနေဖြင့် လည်းကောင်း (ကြိုတင်ခွန်)အဖြစ် ဆက်လက်ခုနှိမ်ရမည်။

**ပြန်အမ်းငွေခုနှိမ်ရန်အတွက် ကြိုတင်ခွန်အား တွက်ချက်ခြင်း**

၇။ လာမည့် ၁၂ လ အတွက် ကြိုတင်ခွန်ကို တွက်ချက်ရာ၌ ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် အထူးကုန်စည်ခွန်တို့၏ ပမာဏမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) ဝင်ငွေခွန်ဖြစ်ပါက ပြန်အမ်းငွေပေါ်ပေါက်ကြောင်း စိစစ်အတည်ပြုသည့် ဝင်ငွေနှစ် မတိုင်မီ ကပ်လျက်ရှိသော ပြီးခဲ့သည့်ဝင်ငွေနှစ်အတွက် ကျသင့်ခဲ့သည့် ဝင်ငွေခွန်ပမာဏမှ ယင်းဝင်ငွေနှစ်အတွက် ပင်ရင်းမှနုတ်ယူပေးသွင်းသည့် ဝင်ငွေခွန်နှင့် ကြိုတင်ဝင်ငွေခွန် ပမာဏတို့အား နုတ်ပယ်ပြီးနောက်ကျန်ရှိသည့် ဝင်ငွေခွန်ပမာဏ၊

(ခ) ကုန်သွယ်လုပ်ငန်းခွန်ဖြစ်ပါက ပြန်အမ်းငွေပေါ်ပေါက်ကြောင်း စိစစ်အတည်ပြုသည့် ဘဏ္ဍာနှစ်မတိုင်မီ ကပ်လျက်ဘဏ္ဍာနှစ်အတွက် ကျသင့်ခဲ့သည့်အခွန်ပမာဏ၊

(ဂ) အထူးကုန်စည်ခွန်ဖြစ်ပါက ပြန်အမ်းငွေပေါ်ပေါက်ကြောင်း စိစစ်အတည်ပြုသည့် ဘဏ္ဍာ နှစ်မတိုင်မီ ကပ်လျက်ဘဏ္ဍာနှစ်အတွက် ကျသင့်ခဲ့သည့်အခွန်ပမာဏ၊

(ဃ) ကပ်လျက်ဘဏ္ဍာနှစ်သည် ၆ လတာ ကာလဖြစ်ပါက ယင်းနှစ်အတွက် ကျသင့်ခဲ့သည့် အခွန်ပမာဏ၏ ၂ ဆ၊

**ပြန်အမ်းငွေထုတ်ပေးခြင်း**

၈။ အခွန်ထမ်းက ရရန်ရှိသည့် ပြန်အမ်းငွေနှင့်စပ်လျဉ်း၍ အထက်အပိုဒ် ၆ အရ ခုနှိမ်ပြီးနောက် ပြန်အမ်းငွေဆက်လက်ကျန်ရှိနေပါက ကျန်ရှိသည့် ပမာဏအား ပြန်အမ်းငွေထုတ်ပေးရမည်ဖြစ်ပါသည်။

၉။ ဤအမျိုးပြည်သူသိရှိလိုက်နာရန် သတ်မှတ်ချက်ကို ပိုမိုရှင်းလင်းစွာသိရှိနိုင်စေရန် အောက်ဖော် ပြပါ နမူနာဖြစ်စဉ်များဖြင့် ရှင်းလင်းဖော်ပြအပ်ပါသည် -

**နမူနာ(၁)**

(က) **ဖြစ်စဉ်**။ ကုမ္ပဏီ "A" သည် ၂၀၂၁-၂၀၂၂ ဝင်ငွေနှစ် (၁-၁၀-၂၀၂၁ မှ ၃၁-၃-၂၀၂၂ အထိ) အတွက် ဝင်ငွေကြေညာလွှာကို ၂၀၂၂ ခုနှစ် ဇွန်လ ၂၀ ရက်နေ့တွင် တင်သွင်း

ခဲ့ပြီး အဆိုပါဝင်ငွေကြေညာလွှာအရ ဝင်ငွေနှစ်အတွင်း ပေးဆောင်ခဲ့သည့် ဝင်ငွေခွန်သည် ကျသင့်ဝင်ငွေခွန်ထက် ကျပ်သိန်း ၈၀၀ ပိုမိုပေးဆောင်ခဲ့ကြောင်း ၂၀၂၂ ခုနှစ် ဩဂုတ်လ ၂၀ ရက်နေ့တွင် သက်ဆိုင်ရာအခွန်ရုံးမှ အတည်ပြုလွှာ(SAS-1) ထုတ်ဆင့်ပေးခဲ့ပါသည်။ သက်ဆိုင်ရာအခွန်ရုံးအနေဖြင့် အဆိုပါကုမ္ပဏီအပေါ် ၂၀၁၈-၂၀၁၉ ဝင်ငွေနှစ်နှင့် ၂၀၁၉-၂၀၂၀ ဝင်ငွေနှစ်တို့အတွက် ဝင်ငွေခွန်ပြင်ဆင်စည်းကြပ်မှုအကြောင်းကြားစာ (SAS-3) များကို ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်နေ့တွင် ထုတ်ဆင့်ခဲ့ရာ အဆိုပါအကြောင်းကြားစာများအရ ကုမ္ပဏီအနေဖြင့် ၂၀၁၈-၂၀၁၉ ဝင်ငွေနှစ်အတွက် ထပ်မံပေးဆောင်ရန် ဝင်ငွေခွန်ကျပ်သိန်း ၅၀၀၊ ဒဏ်ကြေးငွေ (ထပ်မံပေးဆောင်ရမည့်အခွန်၏ ၁၀ ရာခိုင်နှုန်း) ကျပ်သိန်း ၅၀၊ ၂၀၁၉-၂၀၂၀ ဝင်ငွေနှစ်အတွက် ထပ်မံပေးဆောင်ရန် ဝင်ငွေခွန်ကျပ်သိန်း ၂၀၀၊ ဒဏ်ကြေးငွေ(ထပ်မံပေးဆောင်ရမည့်အခွန်၏ ၂၅ ရာခိုင်နှုန်း) ကျပ်သိန်း ၅၀ ပေးဆောင်ရမည်ဖြစ်ပါသည်။

(ခ) **အများပြည်သူသိရှိလိုက်နာရန် သတ်မှတ်ချက်ကိုကျင့်သုံးခြင်း။** ကုမ္ပဏီ"A"၏ ဝင်ငွေခွန်ပိုငွေကို အောက်ဖော်ပြပါအစီအစဉ်အတိုင်း ခုနှိမ်ရမည်ဖြစ်ပါသည် -

| **စဉ်** | **ဝင်ငွေခွန်ပိုငွေ (နုတ်)** | ၈၀,၀၀၀,၀၀၀ ကျပ် |
|---|---|---|
| ၁ | ဝင်ငွေခွန်စည်းကြပ်တောင်းခံငွေ (SAS-3) အရ | ၇၀,၀၀၀,၀၀၀ ကျပ် |
| ၂ | ဝင်ငွေခွန်အတိုး | XXXXXXXXX |
| ၃ | ဝင်ငွေခွန်ဒဏ် (SAS-3) အရ | ၁၀,၀၀၀,၀၀၀ ကျပ် |
| ၄ | ကုန်သွယ်လုပ်ငန်းခွန်စည်းကြပ်တောင်းခံငွေ | XXXXXXXXX |
| ၅ | ကုန်သွယ်လုပ်ငန်းခွန်အတိုး | XXXXXXXXX |
| ၆ | ကုန်သွယ်လုပ်ငန်းခွန်ဒဏ် | XXXXXXXXX |
| ၇ | အထူးကုန်စည်ခွန်စည်းကြပ်တောင်းခံငွေ | XXXXXXXXX |
| ၈ | အထူးကုန်စည်ခွန်အတိုး | XXXXXXXXX |
| ၉ | အထူးကုန်စည်ခွန်ဒဏ် | XXXXXXXXX |
| ၁၀ | ကြိုတင်ဝင်ငွေခွန် | XXXXXXXXX |
| ၁၁ | ကုန်သွယ်လုပ်ငန်းခွန် (ကြိုတင်ခွန်) | XXXXXXXXX |
| ၁၂ | အထူးကုန်စည်ခွန် (ကြိုတင်ခွန်) | XXXXXXXXX |
| ပြန်အမ်းရမည့်အခွန် /ထပ်မံပေးဆောင်ရမည့်အခွန် | | ၀ ကျပ် |

ထို့ကြောင့် ၂၀၂၂-၂၀၂၃ ဝင်ငွေနှစ်တွင် ပေါ်ပေါက်သည့် ကုမ္ပဏီ "A" ၏ ဝင်ငွေခွန်ပိုငွေကို အဆိုပါဝင်ငွေနှစ်တွင် ပေါ်ပေါက်သည့် ဝင်ငွေခွန်စည်းကြပ်တောင်းခံငွေ၊

ဝင်ငွေခွန် ဒဏ်ကြေးတို့တွင် ခုနှိမ်ခွင့် ရရှိမည်ဖြစ်ပြီး အဆိုပါခုနှိမ်မှုအရ ဝင်ငွေခွန် ပိုငွေမရှိတော့သည့်အတွက် ပြန်အမ်းငွေ ထုတ်ပေးရန် လိုအပ်ခြင်းမရှိပါ။

**နမူနာ(၂)**

(က) **ဖြစ်စဉ်**။ ကုမ္ပဏီ "B" သည် ၂၀၂၀-၂၀၂၁ ဝင်ငွေနှစ် (၁-၁၀-၂၀၂၀ မှ ၃၀-၉-၂၀၂၁ အထိ) အတွက် ဝင်ငွေကြေညာလွှာကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် တင်သွင်းခဲ့ပြီး အဆိုပါဝင်ငွေကြေညာလွှာကို ၂၀၂၂ ခုနှစ် ဇူလိုင်လ ၂၀ ရက်နေ့တွင် ပြင်ဆင်တင်သွင်းခဲ့ရာ ပြင်ဆင်သည့် ဝင်ငွေကြေညာလွှာအရ ၂၀၂၀-၂၀၂၁ ဝင်ငွေနှစ်အတွက် ဝင်ငွေခွန် ကျပ်သိန်း ၂၀၀၀ ပိုမိုပေးဆောင်ခဲ့ကြောင်း သက်ဆိုင်ရာအခွန်ရုံးမှ အတည်ပြုလွှာ(SAS-1a) သို့မဟုတ် စည်းကြပ်မှုအကြောင်းကြားစာကို ၂၀၂၂ ခုနှစ် ဩဂုတ်လ ၂၀ ရက်နေ့တွင် ထုတ်ဆင့်ပေးခဲ့ပါသည်။ အဆိုပါ ကုမ္ပဏီအနေဖြင့် ၂၀၂၁-၂၀၂၂ (၁-၁၀-၂၀၂၁ မှ ၃၁-၃-၂၀၂၂ အထိ)အတွက် ဝင်ငွေခွန်စည်းကြပ်တောင်းခံငွေ ကျပ်သိန်း ၂၀၀ နှင့် ကုန်သွယ်လုပ်ငန်းခွန်စည်းကြပ်တောင်းခံငွေ ကျပ်သိန်း ၃၀၀ ရှိကြောင်း ၂၀၂၂ ခုနှစ် ဩဂုတ်လ ၂၂ ရက်နေ့တွင် သက်ဆိုင်ရာအခွန်ရုံးမှ အတည်ပြုလွှာ(SAS-1) သို့မဟုတ် စည်းကြပ်မှုအကြောင်းကြားစာ ထုတ်ဆင့်ပေးခဲ့ပါသည်။ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် ကုမ္ပဏီ "B" သည် အထူးကုန်စည်ခွန် စည်းကြပ်တောင်းခံငွေမရှိပါ။ ၂၀၂၂-၂၀၂၃ ဝင်ငွေနှစ်အတွက် ပေးဆောင်ရမည့် ကြိုတင်ဝင်ငွေခွန်မှာ ကျပ်သိန်း ၄၀၀ နှင့် ကုန်သွယ်လုပ်ငန်းခွန်(ကြိုတင်ခွန်)မှာ ကျပ်သိန်း ၆၀၀ ဖြစ်ပါသည်။

(ခ) **အများပြည်သူသိရှိလိုက်နာရန် သတ်မှတ်ချက်ကိုကျင့်သုံးခြင်း**။ ကုမ္ပဏီ "B" ၏ ဝင်ငွေခွန် ပိုငွေကို အောက်ဖော်ပြပါအစီအစဉ်အတိုင်း ခုနှိမ်ရမည်ဖြစ်ပါသည် -

| **စဉ်** | **ဝင်ငွေခွန်ပိုငွေ (နုတ်)** | ၂၀၀,၀၀၀,၀၀၀ ကျပ် |
|---|---|---|
| ၁ | ဝင်ငွေခွန်စည်းကြပ်တောင်းခံငွေ (SAS-1 သို့မဟုတ် စည်းကြပ်မှုအကြောင်းကြားစာ) အရ | ၂၀,၀၀၀,၀၀၀ ကျပ် |
| ၂ | ဝင်ငွေခွန်အတိုး | **XXXXXXXXX** |
| ၃ | ဝင်ငွေခွန်ဒဏ် | **XXXXXXXXX** |
| ၄ | ကုန်သွယ်လုပ်ငန်းခွန်စည်းကြပ်တောင်းခံငွေ (SAS-1 သို့မဟုတ် စည်းကြပ်မှုအကြောင်းကြားစာ) အရ | ၃၀,၀၀၀,၀၀၀ ကျပ် |

| | | |
|---|---|---|
| ၅ | ကုန်သွယ်လုပ်ငန်းခွန်အတိုး | XXXXXXXXX |
| ၆ | ကုန်သွယ်လုပ်ငန်းခွန်ဒဏ် | XXXXXXXXX |
| ၇ | အထူးကုန်စည်ခွန်စည်းကြပ်တောင်းခံငွေ | XXXXXXXXX |
| ၈ | အထူးကုန်စည်ခွန်အတိုး | XXXXXXXXX |
| ၉ | အထူးကုန်စည်ခွန်ဒဏ် | XXXXXXXXX |
| ၁၀ | ကြိုတင်ဝင်ငွေခွန် | ၄၀,၀၀၀,၀၀၀ ကျပ် |
| ၁၁ | ကုန်သွယ်လုပ်ငန်းခွန် (ကြိုတင်ခွန်) | ၆၀,၀၀၀,၀၀၀ ကျပ် |
| ၁၂ | အထူးကုန်စည်ခွန် (ကြိုတင်ခွန်) | XXXXXXXXX |
| ပြန်အမ်းရမည့်အခွန် | | ၅၀,၀၀၀,၀၀၀ ကျပ် |

ထို့ကြောင့် ၂၀၂၂-၂၀၂၃ ဝင်ငွေနှစ်တွင် ပေါ်ပေါက်သည့် ကုမ္ပဏီ “B” ၏ ဝင်ငွေခွန် ပိုငွေကို အဆိုပါဝင်ငွေနှစ်တွင် ပေါ်ပေါက်သည့် ဝင်ငွေခွန်စည်းကြပ်တောင်းခံငွေ၊ ကုန်သွယ်လုပ်ငန်းခွန်စည်းကြပ်တောင်းခံငွေ၊ ကြိုတင်ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်(ကြိုတင်ခွန်)တို့တွင် ခုနှိမ်ခွင့်ရရှိမည်ဖြစ်ပြီး ကျပ်သိန်း ၅၀၀ ဆက်လက်ကျန်ရှိသည့်အတွက် ယင်းပိုငွေကို ကုမ္ပဏီအား ပြန်အမ်းရမည်ဖြစ်ပါသည်။

**အကျိုးသက်ရောက်ခြင်း**

၁၀။ ဤအများပြည်သူသိရှိလိုက်နာရန်သတ်မှတ်ချက်သည် ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာရေးနှစ်မှစ၍ အကျိုးသက်ရောက်စေရမည်။

၁၁။ ဤအများပြည်သူသိရှိလိုက်နာရန်သတ်မှတ်ချက်ကို လက်မှတ်ရေးထိုးထုတ်ပြန်လိုက်သည်။

(မင်းထွဋ်)

ညွှန်ကြားရေးမှူးချုပ်

စာအမှတ်၊ ၁(၂)/ဥစ-၁/ပတခ/၂၀၂၂( ၈၆၂၈ )

ရက် စွဲ ၊ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်

**ဖြန့်ဝေခြင်း**

မြန်မာနိုင်ငံစာရင်းကောင်စီ

ညွှန်ကြားရေးမှူးချုပ်၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန } မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြေညာပေးပါရန် မေတ္တာရပ်ခံပေးပို့ပါသည်။

ဒုတိယညွှန်ကြားရေးမှူးချုပ် (အားလုံး)

ဌာနခွဲညွှန်ကြားရေးမှူး (အားလုံး)

ဌာနမှူး၊ အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး(၁)၊ (၂)

ဌာနမှူး၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး (၁)၊(၂)၊(၃)၊(၄)၊(၅)

တိုင်းဒေသကြီး/ ပြည်နယ်အခွန်ဦးစီးဌာနမှူး (အားလုံး)

ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူး

} သက်ဆိုင်ရာ အခွန်ထမ်းများကို အသိပေးရှင်းလင်းရန် ညွှန်ကြားပေးပို့ပါသည်။

ပြန်ကြားရေးအဖွဲ့ (နေပြည်တော်) } ပြည်တွင်းအခွန်များဦးစီးဌာန website တွင် လွှင့်တင်ရန် ညွှန်ကြားပါသည်။

မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း

မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

မိတ္တူကို

ရုံးလက်ခံ

မျှောစာတွဲ